**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ( ၁၂ /၂၀၂၃)**

ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ၃ ရက်

အကြောင်းအရာ။ **ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့၊ တင်သွင်းခွင့်ဆိုင်ရာ စည်းကမ်းချက် ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းအတွက် ပို့ကုန်လိုင်စင်ကို Letter of Credit (LC) သို့မဟုတ် Telegraphic Transfer (TT) စနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

၂။ ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို တင်ပို့လိုသူများအနေဖြင့် ပူးတွဲပါ တင်ပို့၊ တင်သွင်းခွင့်ဆိုင်ရာလုပ်ငန်းစဉ် (Standard Operating Procedure - SOP) အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

၃။ ဤပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာပါ သတ်မှတ်ချက်များသည် ထုတ်ပြန်သည့် နေ့ရက်မှစတင်၍ အကျိုးသက်ရောက်စေမည်ဖြစ်ပြီး ပို့ကုန်၊ သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ (၁၀/၂၀၂၀)ကို ဤသတင်းလွှာဖြင့် လွှမ်းမိုးပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

# ရွှေဖြင့် ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေ ဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများတင်ပို့၊ တင်သွင်းခွင့်ပြုရန်အတွက်လုပ်ငန်းရှင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (SOP)

## အဆင့်၁ (ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားခြင်း)

၁။ ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်း တင်ပို့၊ တင်သွင်းခွင့်လုပ်ငန်းဆောင်ရွက်လိုသူသည် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ထားခြင်း မရှိသေးပါက Myanmar Tradenet 2.0 စနစ်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ပါ သတ်မှတ်ချက်များအပြင် အောက်ပါအထောက်အထားများ ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်း၊ ရွှေနှင့်ငွေစသည်တို့ဖြင့် ပြုလုပ်သော လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းအတွက် သတ္တုတွင်းဦးစီးဌာန၏ ခွင့်ပြုမိန့် သို့မဟုတ် ထောက်ခံချက် သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့် (မူရင်း/ မိတ္တူ) ၊

( ခ ) ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော လက်ဝတ်ရတနာများ တင်ပို့၊ တင်သွင်းခြင်းအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်(မူရင်း/မိတ္တူ) ၊

( ဂ ) ကုန်သွယ်မှုလုပ်ငန်းအတွက် နိုင်ငံခြားငွေဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းစာအုပ် (မူရင်း/မိတ္တူ)။

၂။ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိထားပြီးဖြစ်သည့် ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်း၊ ရွှေနှင့်ငွေစသည်တို့ဖြင့် ပြုလုပ်သော လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်း တင်ပို့၊ တင်သွင်းခြင်းကို စတင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်သည် အထက်အပိုဒ်၁(က) နှင့် (ခ)ပါ အထောက်အထားများဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တွင် လုပ်ငန်းထပ်တိုးပြင်ဆင်ရန် Myanmar Tradenet 2.0 စနစ်တွင် လျှောက်ထားရမည်။

**အဆင့်-၂ (တင်ပို့/တင်သွင်းမည့်ပစ္စည်းအပေါ် စိစစ်တန်ဖိုးဖြတ်ရန် လျှောက်ထားခြင်း)**

၃။ ကုမ္ပဏီသည် တင်ပို့၊ တင်သွင်းမည့်ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့်တန်ဖိုးသတ်မှတ်ချက်အား ရန်ကုန်မြို့၊ UMFCCI ရုံး၊ တတိယထပ်တွင် ဖွင့်လှစ်ထားသည့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့ (One Stop Services Centre-OSSC) အောက်ရှိ စိစစ်တန်ဖိုးဖြတ်အဖွဲ့၊ အဖွဲ့ခေါင်းဆောင်သို့ လိပ်မူ၍ ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ စံချိန်စံညွှန်းတို့ကို ဖော်ပြ၍ လျှောက်ထားရမည်။

**အဆင့်-၃ (တင်ပို့/တင်သွင်းခွင့်လိုင်စင်လျှောက်ထားခြင်း)**

၄။ တင်ပို့၊ တင်သွင်းခွင့်အတွက် OSSC ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ကိုယ်စားလှယ်ရုံးအဖွဲ့၌ ပို့ကုန်၊ သွင်းကုန်လိုင်စင် လျှောက်ထားရန်အတွက် သတ်မှတ်အထောက်အထားများ ပြည့်စုံမှန်ကန်စွာဖြင့် တင်ပြစစ်ဆေးခံယူပြီး MyanmarTradenet 2.0 စနစ်တွင် ဝင်ရောက်လျှောက်ထားရမည်။

၅။ ပုံမှန်တင်ပို့ခြင်း၊ တင်သွင်းခြင်းဖြစ်ပါက အောက်ပါအထောက်အထားများဖြင့် လျှောက်ထားရမည်-

(က) တင်ပို့၊ တင်သွင်းမည့်ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့်တန်ဖိုး၊ ကုန်သွယ်မှုလမ်းကြောင်း ဖော်ပြချက်များပါဝင်သည့် ကုမ္ပဏီ၏ ခေါင်းစည်းတံဆိပ် (Letter Head) ပါ လျှောက်လွှာမူရင်း၊

( ခ ) Invoice (သို့မဟုတ်) Sale contract (မူရင်း)၊

( ဂ ) စိစစ်တန်ဖိုးဖြတ်အဖွဲ့၏ သတ်မှတ်ချက်များပါဝင်သည့်ထောက်ခံချက်၊

(ဃ) လိုင်စင်ထပ်မံလျှောက်ထားခြင်းဖြစ်ပါက ယခင်နောက်ဆုံးအကြိမ် တင်ပို့၊ တင်သွင်းခဲ့သော အကောက်ခွန်ဦးစီးဌာန၏ ED/ID (မိတ္တူ)။

၆။ ရွှေနှင့်ငွေစသည်တို့ဖြင့် ပြုလုပ်သော လက်ဝတ်ရတနာများကို နိုင်ငံတကာသို့ ရောင်းချရန် သယ်ယူခြင်းဖြစ်ပြီး ရောင်းချရခြင်းမရှိသဖြင့် ပြန်လည်တင်သွင်းရန် အစီအစဉ်ရှိသည့် ကုမ္ပဏီအနေဖြင့် တင်ပို့ခြင်းနှင့် တင်သွင်းခြင်းအတွက် Temporary Export License(TEL)ကို အောက်ပါအတိုင်း လျှောက်ထားရမည်-

(က) **လိုအပ်သည့်စာရွက်စာတမ်းများ**

(၁) တင်ပို့မည့်ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့်တန်ဖိုး၊ ကုန်သွယ်မှုလမ်းကြောင်း ဖော်ပြချက်များပါဝင်သည့် ကုမ္ပဏီ၏ ခေါင်းစည်းတံဆိပ် (Letter Head) ပါလျှောက်လွှာမူရင်း၊

(၂) Invoice (သို့မဟုတ်) Sale contract (မူရင်း)၊

(၃) စိစစ်တန်ဖိုးဖြတ်အဖွဲ့၏သက်ဆိုင်ရာအချက်အလက်ပါဝင်သည့် ထောက်ခံချက်။

**( ခ ) ရောင်းချရခြင်းမရှိ၍ ပြန်လည်တင်သွင်းမှုအတွက် လိုအပ်သည့်စာရွက်စာတမ်းများ**

(၁) ပြန်လည်တင်သွင်းမည့်ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့်တန်ဖိုးဖော်ပြချက်များ ပါဝင်သည့် ကုမ္ပဏီ၏ ခေါင်းစည်းတံဆိပ် (Letter Head)ပါ လျှောက်လွှာ မူရင်း၊

(၂) တင်ပို့ရောင်းချရန်ခွင့်ပြုထားသည့်အနက် နိုင်ငံတကာတွင် ရောင်းချခဲ့သည့် ပမာဏ၊ ဈေးနှုန်းနှင့် တန်ဖိုးပါဝင်သည့် အချက်အလက်များ၊

(၃) ရောင်းချရန်ကျန်သဖြင့် ပြန်လည်တင်သွင်းမည့် ပမာဏ၊ တန်ဖိုး၊ စံချိန်စံညွှန်း၊ ဈေးနှုန်းအစရှိသည့် အထောက်အထား၊

(၄) စိစစ်တန်ဖိုးဖြတ်အဖွဲ့၏ တင်ပို့ရန်ခွင့်ပြုထားမှုအရ ပြန်လည်တင်သွင်း လာသော ပမာဏ၊ ဈေးနှုန်းနှင့် တန်ဖိုးများ မှန်ကန်ကြောင်း သက်ဆိုင်ရာ အချက်အလက်ပါဝင်သည့် ထောက်ခံချက်။

၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုမိန့်ဖြင့် ကုန်ကြမ်းတင်သွင်းပြီး လက်ဝတ်ရတနာအချောထည်များကို ပြန်လည်တင်ပို့ရန် စာချုပ်ချုပ်ဆိုထုတ်လုပ်သည့်လုပ်ငန်းစဉ် (Contract Manufacturing Process-CMP) စနစ်ဖြင့် ဆောင်ရွက်သည့် ကုမ္ပဏီအနေဖြင့် တင်ပို့ခြင်းနှင့် တင်သွင်းခြင်းအတွက် အောက်ပါအတိုင်း လျှောက်ထားရမည်-

(က) ကုန်ကြမ်းတင်သွင်းရန်အတွက် CMP စနစ်ဖြင့် ထုတ်လုပ်မည့် လုပ်ငန်းစဉ် နည်းစနစ်၊ ထုတ်လုပ်မည့် ကုန်ချောပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့် တန်ဖိုး၊ အလေအလွင့်ရာခိုင်နှုန်း၊ ပြန်လည်တင်ပို့မည့်ကာလ အစရှိသည်တို့ဖြင့် သွင်းကုန် လျှောက်ထားခြင်း၊

( ခ ) ကုန်ချောပြန်လည်တင်ပို့ရန်အတွက် တင်ပို့မည့်ကုန်ချောအမျိုးအစား၊ ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့်တန်ဖိုး၊ ဖော်ပြချက်များပါဝင်သည့် စိစစ်တန်ဖိုးဖြတ်အဖွဲ့၏ ထောက်ခံချက်များဖြင့် ပို့ကုန်လျှောက်ထားခြင်း။

**လိုင်စင်သက်တမ်း**

၈။ ပုံမှန်အရောင်းအဝယ်ဖြစ်မြောက်ပြီး တင်ပို့ခြင်း၊ တင်သွင်းခြင်းဖြစ်ပါက ပို့ကုန်၊ သွင်းကုန် လိုင်စင်သက်တမ်းသည် (၃၀) ရက်၊ သက်တမ်းတိုး (၁၀) ရက်ဖြင့် စုစုပေါင်း (၄၀) ရက် ဖြစ်သည်။

၉။ နိုင်ငံတကာတွင် ရောင်းချရန် သယ်ဆောင်ခြင်းအတွက် Temporary Export License (TEL) လိုင်စင်ဖြစ်ပါက လိုင်စင်သက်တမ်းသည် ၂ လ (၆၀) ရက် ဖြစ်သည်။

**အဆင့်-၄ ( သတ်မှတ်အခွန်များပေးဆောင်ခြင်း)**

၁၀။ ပုံမှန်တင်ပို့၊ တင်သွင်းခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရမည့် အခွန်များကို နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ သတ်မှတ်အခွန်နှုန်းထားများအတိုင်း အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန်နှင့် တစ်ပါတည်းပေးဆောင်ရမည်။

၁၁။ နိုင်ငံတကာတွင် လှည့်လည်ရောင်းချရန် Temporary Export License (TEL) လိုင်စင်ဖြင့် တင်ပို့၊ တင်သွင်းခြင်းအတွက် တင်ပို့ချိန်တွင် စာရင်းမှတ်စနစ်ဖြင့် သတ်မှတ်၍ နိုင်ငံတကာတွင် ရောင်းချပြီး ပြန်လည်တင်သွင်းလာချိန်တွင် ရောင်းချခဲ့သည့်ပစ္စည်းများ၏ တန်ဖိုးအပေါ် အခြေခံ၍ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်ပေးဆောင်ရာ၌ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရမည့်အခွန်များကို နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သတ်မှတ်အခွန်နှုန်းထားများအတိုင်း တစ်ပါတည်းပေးဆောင်ရမည်။

၁၂။ CMP စနစ်ဖြင့် တင်ပို့၊ တင်သွင်းခြင်းအတွက် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် တင်ပို့၊ တင်သွင်းချိန်ကာလအတွင်း အကျုံးဝင်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတို့နှင့်အညီ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ပါသည်။

၁၃။ စိန်ပါဝင်သော လက်ဝတ်ရတနာများ တင်ပို့ခွင့်ပြုရာတွင် စိန်ကုန်ကြမ်းများအား တရားဝင် တင်သွင်းထားကြောင်း အထောက်အထားပြသနိုင်ပါက တင်သွင်းစဉ် ကောက်ခံထားသော အခွန်များကို အကောက်ခွန်မှ သတ်မှတ်ထားသော ကာလသတ်မှတ်ချက်အရ စိစစ်ပြီး ပြန်လည်ပေးအပ်သည့် အစီအစဉ်အရ လုပ်ငန်းရှင်က ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေ ပုဒ်မ (၄၀)အရ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြလျှောက်ထားနိုင်သည်။

**အဆင့်-၅ ( အကောက်ခွန်ရှင်းလင်းခြင်း)**

၁၄။ အရောင်းအဝယ်ဖြစ်ပြီး ပုံမှန် တင်ပို့၊ တင်သွင်းမည့်ပစ္စည်းများအတွက် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်၊ သွင်းကုန်ကြေညာလွှာ(ED/ID)ကိစ္စများ ဆောင်ရွက်ရမည်။

၁၅။ Temporary Export License (TEL) လိုင်စင်ဖြင့် တင်ပို့၊ တင်သွင်းသည့်ကိစ္စရပ်အတွက် တင်ပို့ချိန်တွင် Manual Export Declaration (ED) ဖွင့်လှစ်၍ စာရင်းမှတ်စနစ်ဖြင့် သတ်မှတ် ခွင့်ပြု၍ နိုင်ငံတကာတွင်ရောင်းချပြီး မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းလာချိန်တွင် ရောင်းချခဲ့သည့် ပစ္စည်းများအား ခွဲခြားစိစစ်၍ စိစစ်တန်ဖိုးဖြတ်အဖွဲ့၏ တန်ဖိုးနှင့်အမျိုးအစားသတ်မှတ်ချက်များ အတိုင်း သက်ဆိုင်ရာဌာနအလိုက် ကျသင့်ပေးဆောင်ရမည့် အခွန်အကောက်များ ရှင်းလင်း ကောက်ခံခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်ရမည်ဖြစ်ပြီး ရောင်းချနိုင်ခြင်းမရှိဘဲ ပြန်လည် သယ်ဆောင်လာသော ပစ္စည်းများအား အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ Manual Import Declaration (ID) ဖွင့်လှစ်ဆောင်ရွက်ရမည်။ ထို့အပြင် ခရီးသည်နှင့်အတူ ရောင်းချခြင်းမှ ရရှိခဲ့သော နိုင်ငံခြားငွေများတစ်ပါတည်း ယူဆောင်လာပါက သက်ဆိုင်ရာဝင်ပေါက် (Entry Point) နေရာရှိ အကောက်ခွန်ဦးစီးဌာနတွင် Foreign Exchange Declaration (FED) Form ဖြင့် ကြေညာ ရမည်။

၁၆။ CMP ဖြင့်ဆောင်ရွက်သည့် ကုန်ကြမ်းတင်သွင်းခြင်းများအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်း များနှင့်အညီ အကောက်ခွန် ကောက်ခံခြင်း/ကင်းလွတ်ခြင်း ပြုနိုင်သည်။

**အဆင့်-၆ ( စစ်ဆေးခံယူခြင်း)**

၁၇။ ကုမ္ပဏီသည် တင်ပို့ခြင်း၊ တင်သွင်းခြင်းအတွက် သက်ဆိုင်ရာ အကောက်ခွန်အရာရှိထံတွင် သတ်မှတ်အထောက်အထားပြသခြင်းနှင့် စစ်ဆေးရေးအဖွဲ့၏ ကုန်ပစ္စည်းစိစစ်ခြင်းတို့ကို လုပ်ထုံး လုပ်နည်းနှင့်အညီ ခံယူဆောင်ရွက်ရမည်။